**ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၁၇(ဃ) }**

**ခုံသမာဓိအဖွဲ့**

**ရန်ကုန်တိုင်းဒေသကြီး**

**ရန်ကုန်မြို့**

**အငြင်းပွားမှုအမှတ် ( ၃/၂၀၂၃ )**

ဒေါ်ဝင်းပပ (GM) ( အလုပ်သမား )
D-2 တော်ဝင်လမ်း၊ (၄၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
၀၉ – ၅၀၄ ၁၂၀၃
} နစ်နာ၍တောင်းဆိုသူ

နှင့်

Mr. Thanaset Lotharugpong ( အလုပ်ရှင် )
Sun Apparel ( Myanmar ) Co.,Ltd (အထည်ချုပ်စက်ရုံ)
ဦးဇော်ဝင်းညွှန့်( တရားလွှတ်တော်ရှေ့နေ )
( အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
အမှတ်(၈၇)၊ မလိခလမ်း၊ စက်မှုဇုန်(၅)၊
လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။
၀၉ – ၄၂၆ ၆၈၅ ၀၁၉
} တောင်းဆိုခြင်းခံရသူ

ရက် စွဲ ။ ၂၀၂၃ ခု နှစ် ၊ ဖေဖော်ဝါရီ လ ၂၈ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၅)၊ မလိခလမ်း၊ အမှတ်(၈၇)ရှိ အလုပ်ရှင် Mr. Thanaset Lotharugpong ပိုင်ဆိုင်လုပ်ကိုင်သော Sun Apparel ( Myanmar ) Co.,Ltd (အထည်ချုပ်စက်ရုံ)၊ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဇော်ညွှန့်ဝင်း( တရားလွှတ်တော်ရှေ့နေ ) နှင့် အလုပ်သမား ဒေါ်ဝင်းပပ(GM) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

CamScanner

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၅)၊ မလိခလမ်း၊ အမှတ်(၈၇)ရှိ Sun Apparel ( Myanmar ) Co.,Ltd (အထည်ချုပ်စက်ရုံ)၏ လုပ်ငန်းပိုင်ရှင် Mr. Thanaset Lotharugpong က (GM) ဒေါ်ဝင်းပပထံ Mgma and Trade ၏ Password ၊ စက်ရုံလုပ်ငန်းနှင့်သက်ဆိုင်သော အီးမေးလိပ်စာများ၊ အစိုးရရုံးများနှင့် ချိတ်ဆက်အသုံးပြုခဲ့သော ဝက်(ဘ်)ဆိုက်များ၏ Password အား ပေးရန်တောင်းဆိုမှုအပေါ် (GM) ဒေါ်ဝင်းပပက ပေးရန်ငြင်းဆိုသဖြင့် အလုပ်ရှင်က သက်ဆိုင်ရာဌာနများသို့ တင်ပြပြီး Password ပြောင်းလဲလိုက်သည့်အတွက် (GM) ဒေါ်ဝင်းပပက ၎င်းလုပ်ကိုင်နေသော လုပ်ငန်းများရပ်သွားသောကြောင့် အလုပ်မှထုတ်ပယ်လိုက်သည်ဟုယူဆပြီး (၃)လကျော်ကြာမှ နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် တောင်းဆိုတိုင်ကြားမှုအပေါ် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဖျန်ဖြေပေးသော်လည်း ပြေလည်မှု မရရှိ၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ထံ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ တောင်းဆိုသူ အလုပ်သမား (GM) ဒေါ်ဝင်းပပအား နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ (GM) ဒေါ်ဝင်းပပသည် ၎င်းအဓိကလုပ်ကိုင်သည့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်း၏ Password များကို အလုပ်ရှင်တောင်းသည့်အချိန်တွင် မပေးသဖြင့် အလုပ်ရှင်က သက်ဆိုင်ရာဌာနများသို့ တင်ပြပြီး Password ပြောင်းလိုက်သည့်အတွက် ၎င်းလုပ်ကိုင်နေရသော လုပ်ငန်းများ ရပ်ဆိုင်းသွားရသည်ကို အလုပ်မှ ထုတ်လိုက်သည်ဟုယူဆကာ နို့တစ်ကြေးနှင့် နစ်နာကြေးများ တောင်းဆိုကြောင်းတွေ့ရပါသည်။ အလုပ်ရှင်က (GM) ဒေါ်ဝင်းပပအား အလုပ်မှ မထုတ်ကြောင်းပြောသော်လည်း စာရွက်စာတမ်းများအပ်နှံပြီး ၎င်း၏ရှေ့နေထံ နစ်နာကြေး ထုတ်ယူရန် ပြောကြားခဲ့သောကြောင့် အလုပ်ထုတ်ခြင်း၊ မထုတ်ခြင်းအပေါ် ပို၍ အငြင်းပွားမှုဖြစ်ပွားလာကြောင်း တွေ့ရှိရပါသည်။

၅။ (GM) ဒေါ်ဝင်းပပက ထွက်ဆိုရာတွင် Sun Apparel ( Myanmar ) Co.,Ltd (အထည်ချုပ်စက်ရုံ)တွင် အလုပ်လုပ်ကိုင်သည်မှာ လုပ်သက်(၈)နှစ်ကျော်ရှိပြီဖြစ်ပါကြောင်း၊ (GM) ရာထူးဖြင့် စီမံဌာန၊ HR ဌာနနှင့် သွင်းကုန်၊ ပို့ကုန် လိုင်စင်ဆောင်ရွက်ခြင်းကိစ္စများကို ဆောင်ရွက်ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှစ၍ အငြင်းပွားမှုဖြစ်ပွားသည့်အချိန်အထိ Work from Home ဖြင့် သွင်းကုန်၊ ပို့ကုန် လိုင်စင်ကိစ္စကိုသာ လုပ်ကိုင်ပြီး လဆန်း (၅)ရက် လစာထုတ်ချိန်မှသာ စက်ရုံ

CS CamScanner

သို့သွားပါကြောင်း၊ အလုပ်ရှင်သည် မြန်မာပြည်တွင် အမြဲတမ်းနေထိုင်ခြင်းမရှိဘဲ မြန်မာပြည်သို့လာရောက်ပါက (၂)ရက်ခန့် နေထိုင်ပါကြောင်း၊ Work from Home ဖြင့် နေထိုင်စဉ်ကာလအတွင်း စက်ရုံပိတ်သိမ်းထားခြင်းမရှိပါကြောင်း၊ ၂၀၂၂ ခုနှစ်မှစ၍ ထိုင်းလူမျိုး (အမျိုးသမီး) တစ်ဦးက စက်ရုံအား စီမံအုပ်ချုပ်ပါကြောင်း၊ အလုပ်ရှင် မြန်မာပြည်တွင် မရှိပါက (ထုတ်လုပ်မှုပိုင်းမှလွဲ၍) မြန်မာလူမျိုးများတွင် မိမိမှာ ရာထူးအကြီးဆုံးဖြစ်ပါကြောင်း၊ အလုပ်ရှင်က စက်ရုံလုပ်ငန်းနှင့်ပတ်သက်သည့် Password ကို (၂)ကြိမ် တောင်းခဲ့ပါကြောင်း၊ မိမိမှ (၈)နှစ်တာကောင်းမွန်စွာလုပ်ကိုင်ပါလျက် မည်သည့်အတွက် တောင်းသည်ကို မေးမြန်းခဲ့ပါကြောင်း၊ မိမိမှ Password ပေးရန်ငြင်းဆိုရခြင်းများမှာ သွင်းကုန်၊ ပို့ကုန် လုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်နေရသောကြောင့် Password ပေးလိုက်ပါက အလုပ်ထုတ်ခံရမည်ကို စိုးရိမ်၍ မပေးရခြင်းဖြစ်ပါကြောင်း၊ အလုပ်ရှင်တောင်းဆိုလျှင် ပေးရန်တာဝန်ရှိသည်ကို သိရှိပါကြောင်း၊ ၂၆-၁၀-၂၀၂၂ ရက်နေ့တွင် အလုပ်ရှင်က Password များပြောင်းလိုက်၍ မိမိလုပ်ကိုင်နေသောလုပ်ငန်းရပ်ဆိုင်းသွားခဲ့ပါကြောင်း၊ အလုပ်ရှင်အား ဆက်သွယ်ခဲ့ရာ အလုပ်မထုတ်ဟုသာပြောပြီး လစာမပေးခဲ့ပါကြောင်း၊ ၂၁-၁၀-၂၀၂၂ ရက်နေ့တွင် အလုပ်ရှင်က " နင်နဲ့ငါ မျက်နှာချင်းဆိုင်ပြီး နင့်ရဲ့နစ်နာကြေးကိုပြောမယ် " ဟုလည်းကောင်း၊ ၉-၁၁-၂၀၂၂ ရက်နေ့တွင် " အလုပ်ဆက်လုပ်မလား၊ မလုပ်ဘူးလား၊ ဆက်လုပ်မယ်ဆိုလျှင် ငါပြောတဲ့အတိုင်း နင်လုပ်ရမယ်၊ ငါမေးတာတွေပြောရမယ်၊ နင်ဘာကြောင့် Password မပေးနိုင်တာလဲ၊ အကယ်၍ နင်ဆက်မလုပ်ရင် နင့်ရဲ့နစ်နာကြေးကို ဥပဒေပါအတိုင်းရပါမယ် " ဟု လည်းကောင်း၊ အလုပ်ရှင်က နစ်နာကြေးအားရှေ့နေနှင့်ဆွေးနွေးရန်သာ ပြောခဲ့ပါကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် အလုပ်ရှင်က (၄)လစာ ပေးခဲ့ပါကြောင်း၊ မိမိမှ (၆)လစာ တောင်းဆိုခဲ့ပါကြောင်း၊ နောက်ဆုံးထုတ်လစာမှာ ကျပ် ၃,၄၀၀,၀၀၀/- ဖြစ်ပါကြောင်း၊ ယခု နစ်နာကြေး (၆)လစာနှင့် နို့တစ်ကြေး(၁)လစာ၊ စုစုပေါင်း (၇)လစာ ရယူလိုပါကြောင်း တင်ပြခဲ့ပါသည်။

၆။ အလုပ်ရှင် Mr. Thanaset Lotharugpong ၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဇော်ဝင်းညွန့်( တရားလွှတ်တော်ရှေ့နေ )နှင့် HR မန်နေဂျာ ဒေါ်ခင်ညိုသင်းတို့က ထွက်ဆိုရာတွင် Sun Apparel ( Myanmar ) Co.,Ltd ( အထည်ချုပ်စက်ရုံ )သည် ယခင်က (၂)ရုံရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စက်ရုံတစ်ရုံပိတ်ခဲ့ရပါကြောင်း၊ (GM) ဒေါ်ဝင်းပပသည် စက်ရုံပိတ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလနောက်ပိုင်း စက်ရုံသို့ လာရောက်ခြင်းမရှိပါကြောင်း၊ (GM) ရာထူးဖြင့် HR and Administration အပြင် Export / Import (Shipping)ပိုင်းကို လုပ်ကိုင်ရပါကြောင်း၊ လစဉ်

လဆန်း(၅)ရက်တွင် လစာလာထုတ်ပါကြောင်း၊ စက်ရုံသို့ လာရောက်ခြင်းမရှိသည့်အတွက် စက်ရုံလိုအပ်ချက်ရှိသည့်အခါများတွင် အလွယ်တကူမေးမြန်း၍ မရပါကြောင်း၊ ထို့ကြောင့် လိုအပ်သော စာရွက်စာတမ်းများ၊ လိုင်စင်များ၊ သတင်းအချက်အလက်များကို သိရှိနိုင်ရန်အတွက် e-mail ၊ Password ၊ စာရွက်စာတမ်းများကို တောင်းခံရာတွင် မပေးသဖြင့် လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာဌာနများသို့ တင်ပြပြီး Password ပြောင်းခဲ့ရပါကြောင်း၊ (GM) ဒေါ်ဝင်းပပက အလုပ်ရှင်အား တင်ပြအသိပေးရမည်ဖြစ်သော်လည်း တင်ပြခြင်းမရှိ၍ လုပ်ငန်းလည်ပတ်မှု ခက်ခဲခဲ့ပါကြောင်း၊ သွင်းကုန်၊ ပို့ကုန်များနှင့် ပတ်သက်၍ Password ပြောင်းလဲလိုက်သော်လည်း HR ၊ Admin ဌာနများနှင့် စက်ရုံကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါကြောင်း၊ သို့သော် ထိုသို့ လာရောက်လုပ်ဆောင်ခဲ့ခြင်း မရှိပါကြောင်း၊ (GM) ဒေါ်ဝင်းပပအား အလုပ်ထုတ်ပယ်ခြင်း မပြုလုပ်ခဲ့၍ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလ လစာတို့အား ထည့်သွင်းတွက်ချက်ထားပါကြောင်း၊ ၎င်းကိုယ်တိုင် လဆန်း (၅)ရက်တွင် လာရောက်မထုတ်ယူခြင်းသာဖြစ်ပါကြောင်း၊ (GM) ဒေါ်ဝင်းပပအား အလုပ်ထုတ်ပယ်ခြင်း မပြုခဲ့ပါကြောင်း၊ မိမိသဘောအရ အလုပ်ထွက်သွားခဲ့သည်ဟု ထင်မြင်ပါကြောင်း၊ ၁-၂-၂၀၂၂ ရက်နေ့တွင် အောက်တိုဘာလ လစာ ကျပ်(၃၄)သိန်းနှင့် လုပ်သက်ခွင့်(၃၀)ရက်စာအတွက် ကျပ်(၃၄)သိန်း ပေးချေခဲ့ပါကြောင်း၊ နစ်နာကြေးတောင်းဆိုမှုအား မိမိမှ ဥပဒေနားမလည်၍ ရှေ့နေနှင့် သွားရောက်တွေ့ဆုံရန် ပြောခဲ့ပါကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် (၄)လစာပေးရန် ကမ်းလှမ်းခဲ့ပါကြောင်း၊ (GM) ဒေါ်ဝင်းပပမှ (၆)လစာ တောင်းဆိုသည့်အတွက် ပြေလည်မှု မရရှိခဲ့ပါကြောင်း တင်ပြထွက်ဆိုခဲ့ပါသည်။

၇။ ယခုအငြင်းပွားမှုကို လေ့လာရာ၌ ရင်းနှီးမြှပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အသိအမှတ်ပြုထားသော Company Extract တွင် Sun Apparel ( Myanmar )Co.,Ltd Officer စာရင်းတွင် Director (၂)ဦးနှင့်အတူ (GM) ဒေါ်ဝင်းပပသည် ( Secretary )အဖြစ်ပါရှိကြောင်း တွေ့ရှိရသည့်အတွက် အစုရှယ်ယာရှင်တစ်ဦးမဟုတ်သော်လည်း ကုမ္ပဏီနှင့် ပတ်သက်၍ စီမံပိုင်ခွင့်ရှိသူ တစ်ဦးဖြစ်နေပြီး Sun Apparel (Myanmar) Co.,Ltd ၏ လစာပေးစာရင်းတွင် လစာရရှိသူတစ်ဦးအဖြစ်လည်း တွေ့ရှိရသည့်အတွက် အလုပ်သမားအဖြစ်သတ်မှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

၈။ ယခုအငြင်းပွားမှုတွင် အလုပ်ရှင်နှင့် (GM) ဒေါ်ဝင်းပပသည် အလုပ်ကိစ္စများ ၊ Password တောင်းသည့်ကိစ္စရပ်များသည် ၎င်းတို့နှစ်ဦးတည်းသာ Line Application အသုံးပြု၍ ပြောဆိုကြသည့်အတွက် စက်ရုံရှိ HR ဌာနအနေဖြင့် သိရှိခြင်းမရှိကြောင်း တွေ့ရှိရသည်။ စက်ရုံမှ HR

သည် (GM) ဒေါ်ဝင်းပပ Work from Home ဖြင့် အလုပ်လုပ်နေစဉ်ကာလအတွင်း စက်ရုံသို့ ရောက်ရှိလာသည့်အတွက် (GM) ဒေါ်ဝင်းပပသည် စက်ရုံသို့ လစာလာထုတ်သည့် တစ်ကြိမ်သာ မြင်ဖူးကြောင်းနှင့် ယခုအငြင်းပွားမှုဖြစ်မှသာ Password တောင်းသည့်ကိစ္စအား သိရှိပါကြောင်း ထွက်ဆိုတင်ပြမှုအရ စိစစ်တွေ့ရှိရသည်။

၉။ Line Application ဖြင့် အလုပ်ရှင်နှင့် (GM) ဒေါ်ဝင်းပပတို့ ပြောဆိုမှုအား အလုပ်ရှင်က (၁၁-၁၀-၂၀၂၂)၊ (၁၄-၁၀-၂၀၂၂)၊ (၂၁-၁၀-၂၀၂၂)၊ (၂၆-၁၀-၂၀၂၂)၊ (၁-၁၁-၂၀၂၂)၊ (၈-၁၂-၂၀၂၂) နှင့် (၉-၁၂-၂၀၂၂) ရက်နေ့တို့ ပြောဆိုချက်ကိုလည်းကောင်း၊ (GM) ဒေါ်ဝင်းပပက (၁၄-၁၀-၂၀၂၂)၊ (၂၁-၁၀-၂၀၂၂) နှင့် (၁-၁၁-၂၀၂၂)ရက်နေ့တို့တွင် ပြောဆိုချက်များကို သက်သေအဖြစ် တင်ပြထားသည်ကို တွေ့ရှိရသည်။

၁၀။ ထို့ကြောင့် ၎င်းတို့(၂)ဦးပြောဆိုသည့် အကြောင်းအရာများနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ရှေ့မှောက်တွင် အလုပ်ရှင်ကိုယ်တိုင်နှင့် (GM) ဒေါ်ဝင်းပပတို့၏ ထွက်ဆိုချက်များကို စိစစ် ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ အပြန်အလှန်ပြောဆိုချက်များကို စိစစ်ရာတွင် အောက်ပါအချက်များအရ အလုပ်ထုတ်ပယ်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ၂၁-၁၀-၂၀၂၂ ရက်နေ့၌ (GM) ဒေါ်ဝင်းပပက ပြောကြားရာတွင်-

I'm doing fine on sam why is it blocking my work? What is wrong with me? Do you want me to leave that much? Your boss, do what you can. Can I show you what I can do?

" ငါ sam မှာ ကောင်းစွာ အလုပ်လုပ်နေပါလျက် ဘာကြောင့် ငါ့အလုပ်ကို ပိတ်ပင်နေပါ သလဲ၊ ငါဘာမှားလို့လဲ၊ ငါ့ကို အလုပ်က ထွက်သွားစေချင်တာလား? မင်းက အလုပ်ရှင်ပဲ မင်းလုပ်နိုင်တာ လုပ်ပါ၊ ငါလည်း ငါလုပ်နိုင်တာ လုပ်မယ် " ဟု ပြောကြားရာ အလုပ်ရှင်က-

I need to see you face to face on nov 4th. I need to talk to you. I am confused that you want to continue or not continue from your previous messages. If continue, you should follow my cannot give me the password I ask for. If not continue, you can get your compensation by law.

" နိုဝင်ဘာလ (၄)ရက်နေ့မှာ မျက်နှာချင်းဆိုင်တွေ့ပြီး ပြောမယ်၊ မင်းရဲ့ အရင်ပို့ခဲ့တဲ့ messages က မင်း အလုပ်လုပ်ချင်လား၊ မလုပ်ချင်ဘူးလား ငါစိတ်ရှုပ်တယ်၊ အကယ်၍ ဆက်လုပ်မယ်ဆိုလျှင် ငါ ပြောတဲ့အတိုင်းလုပ်ရမယ်၊ ငါမေးတာတွေ ပြောရမယ်၊ နင်ဘာ ကြောင့် ငါ့ကို Password မပေးနိုင်တာလဲ၊ နင်ဆက်မလုပ်ဘူးဆိုရင် နစ်နာကြေးကို

ဥပဒေအတိုင်းရမည် " ဟု လည်းကောင်း ပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် (GM) ဒေါ်ဝင်းပပက ပြောကြားရာတွင် -

Why did u changed the Password of mgma and trade?

" နင်ဘာကြောင့် mgma and trade Password ပြောင်းလိုက်တာလဲ? " ဟု မေးမြန်းထားကြောင်း တွေ့ရှိရပါသည်။ ၂၆-၁၀-၂၀၂၂ ရက်နေ့တွင် ဒေါ်ဝင်းပပက -

Why do you want to fire me because of what I'm doing? " ငါဘာလုပ်လို့ ငါ့ကို အလုပ်ထုတ်ချင်ရတာလဲ? " ဟု မေးမြန်းရာ အလုပ်ရှင်က ပြန်ပြောရာတွင် -

I am not firing you but according to your previous messages I am not sure you want to work or not. You should go back to read your message.

" ငါမင်းကို အလုပ်မထုတ်ဘူး။ ဒါပေမယ့် မင်းငါ့ကို အရင်ပို့ခဲ့တဲ့ messages တွေအရ မင်းအလုပ် လုပ်ချင်လား၊ မလုပ်ချင်ဘူးလား မသိလို့ မင်းပို့ထားတဲ့ messages တွေကို မင်းပြန်ဖတ်သင့်တယ် " ဟု ပြန်ဖြေထားကြောင်း တွေ့ရှိရသည်။ ၁-၁၁-၂၀၂၂ ရက်နေ့တွင် (GM) ဒေါ်ဝင်းပပက ပြောကြားရာ -

Not only was it mean to me and it was also mean to the agent I used. I will wait 1 day for my right. If I don't get it today, is must slove my complaint.

" နင်လုပ်လိုက်တာ ငါ့ကိုထိခိုက်ရုံတင်မကဘူး ငါ့ agent ကိုပါ ထိခိုက်တယ်၊ ငါ့ရဲ့ လုပ်ပိုင်ခွင့်ကို (၁)ရက်စောင့်မယ်၊ ဒီနေ့မရရင် ငါ့တိုင်ကြားမှုကို ဖြေရှင်းပေးရမယ် " ဟု ပြောကြားရာ အလုပ်ရှင်က ပြန်ပြောရာတွင် -

don't worry, you will get your money. But we need to make it proper way due to your wrdings PLs. go to this office to meet my lawyer and she will work with you to get your money. You will need also to bring all our company documents that still with you to the lawyer office. The lawyer will be available to meet you from tomorrow(2/11) at 4 pm. You can also call he if you need. Her name is Daw Than Than Win.

" စိတ်မပူပါနဲ့ နင့်ရဲ့ပိုက်ဆံရပါ့မယ်၊ ဒါပေမယ့် နင့်စကားတွေကြောင့် သင့်တော်တဲ့နည်း

CamScanner

လမ်းဖြစ်အောင် ဖြေရှင်းဖို့လိုတယ်၊ ငါ့ရှေ့နေရုံးခန်းကို သွားတွေ့ပါ၊ နင် ပိုက်ဆံရအောင် သူဖြေရှင်းပေးလိုက်မယ်၊ နင်လည်း ကုမ္ပဏီကို ပြန်မအပ်ရသေးတဲ့ စာရွက် စာတမ်းတွေ သူ့ရုံးခန်းကို ယူသွားဖို့လိုတယ်၊ ရှေ့နေနဲ့ မနက်ဖြန် (၂/၁၁) ညနေ (၄)နာရီမှာ တွေ့နိုင်ပါတယ်၊ သူ့ကို ဖုန်းဆက်လို့ရတယ်၊ သူ့မနာမည် ဒေါ်သန်းသန်းဝင်းပါ ”

These are the list of document you need to bring .

“ ဒီစာရင်းမှာပါတဲ့ စာရွက်စာတမ်းတွေ ယူသွားဖို့လိုတယ် ” ဟု ပြောကြားထားကြောင်း တွေ့ရှိရပါသည်။ (GM) ဒေါ်ဝင်းပပက ပြန်ပြောရာတွင် –

What are you talking about? I gave it all away before I left work, leave your lawyer to me if you want. My October paycheck is due today.

“ ဘာတွေလာပြောနေတာလဲ? ငါ အလုပ်မထွက်ခင် အားလုံးပေးခဲ့တယ်၊ နင်လိုချင်ရင် နင့် ရှေ့နေကို ငါ့ဆီလွှတ်လိုက်၊ ငါ့ရဲ့ အောက်တိုဘာလ လစာ ဒီနေ့ပေးရမယ်နော် ” ဟု ပြန်လည်ဖြေကြားထားကြောင်း တွေ့ရှိရပါသည်။

သုံးသပ်ချက်

၁၁။ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို အဆင့်(၄)ဆင့်ဖြင့် ညှိနှိုင်းဖြေရှင်း ဆုံးဖြတ်ပေးလျက်ရှိပါသည်။ အဆင့်(၁) စက်ရုံတွင် ဖွဲ့စည်းထားသော အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)ဖြင့် ညှိနှိုင်းဖြေရှင်းခြင်း၊ အဆင့်(၂) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းဖြေရှင်းခြင်း၊ အဆင့်(၃) ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်း၊ အဆင့်(၄) ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တို့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၁၂။ အဆင့်(၁)အရ “ ကြီးသည့်အမှုငယ်စေ၊ ငယ်စေအမှု ပပျောက်စေရန် ” အတွက် ညှိနှိုင်းဖြေရှင်းရမည်ဖြစ်သော်လည်း အဆင့်(၁)ဖြစ်သော Sun Apparel ( Myanmar ) Co.,Ltd (အထည်ချုပ်စက်ရုံ)တွင်းဖွဲ့စည်းထားသည့် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များသည် ရာထူးငယ်အလုပ်သမားများဖြစ်၍ (GM) ဒေါ်ဝင်းပပအား အားနာ၍ ညှိနှိုင်းမှု မပြုလုပ်ခဲ့ခြင်း၊ အဆင့်(၂)အရ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က တောင်းဆိုသူ (GM) ဒေါ်ဝင်းပပ၏ တောင်းဆိုချက်အ[illegible]တွင် တောင်းဆိုခြင်းခံရသူ( အလုပ်ရှင် )နှင့် ( ၃ )ကြိမ်တိုင်

CamScanner

တိုင်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ အလုပ်ရှင်က (၂)လစာမှ (၄)လစာအထိ တိုးမြှင့်ပေးရန် သဘောတူခဲ့သော်လည်း (GM) ဒေါ်ဝင်းပပမှ (၆)လစာမရ၍ ပြေလည်မှု မရရှိခဲ့ခြင်းဖြစ်သည်။ အဆင့်(၃) ဖြစ်သည့် ခုံသမာဓိအဖွဲ့သည် ဥပဒေအရ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည့် အဖွဲ့အစည်းမဟုတ်သည့်အတွက် ကြားနာစစ်ဆေး တွေ့ရှိချက်များအပေါ်တွင် မည်သူမှားသည်၊ မည်သူမှန်သည်ကို ဆုံးဖြတ်ပေးရသည့် အဖွဲ့ဖြစ်သည်။ ထို့ကြောင့် ယခုအငြင်းပွားမှုတွင် အလုပ်ရှင်က (GM) ဒေါ်ဝင်းပပအား အလုပ်ထုတ်ခြင်း ဟုတ် / မဟုတ်ကိုသာ စစ်ဆေးဆုံးဖြတ်ပေးရန် တာဝန်ရှိပေသည်။

၁၃။ အလုပ်ရှင်က Sun Apparel ( Myanmar ) Co.,Ltd (အထည်ချုပ်စက်ရုံ)နှင့် ပတ်သက်သည့် Mgma and Trade Password ကို (GM) ဒေါ်ဝင်းပပထံ တောင်းခံရာ ပေးရန်တာဝန်ရှိသည့် (GM) ဒေါ်ဝင်းပပက ပေးရန်ငြင်းဆိုသည့်အတွက် အလုပ်ရှင်က Password ပြောင်းလဲလိုက်ခြင်းသည် (GM) ဒေါ်ဝင်းပပအား အလုပ်ထုတ်ခြင်း မမြောက်ကြောင်း သုံးသပ်ရရှိသည်။ ထို့ပြင် အလုပ်ရှင်နှင့် (GM) ဒေါ်ဝင်းပပတို့ အပြန်အလှန်ပြောဆိုမှုများတွင်လည်း အလုပ်ရှင်အနေဖြင့် (GM) ဒေါ်ဝင်းပပအား အလုပ်မှထုတ်ပယ်ကြောင်း အခိုင်အမာပြောဆိုထားသည်ကို မတွေ့ရှိရပေ။

၁၄။ (GM) ဒေါ်ဝင်းပပတောင်းဆိုသော နိုတစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးမှာ အလုပ်ရှင်က အလုပ်မှထုတ်ပယ်မှသာ ပေးရသောငွေကြေးဖြစ်သောကြောင့် ယခုအငြင်းပွားမှုတွင် အလုပ်ထုတ်ပယ်ခြင်း မမြောက်သောကြောင့် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက် ။** တောင်းဆိုသူ (GM) ဒေါ်ဝင်းပပအား နိုတစ်ကြေးနှင့် အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရီဦး)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ဇေယျ)<br>အဖွဲ့ဝင် | ( ခွင့် )<br>(စောတင်)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (ကျင်သိန်း)<br>အဖွဲ့ဝင် |